


**ဟောကြားသူ၊**
**ဥက္ကဋ္ဌ ဒီတာ အက်ဖ် ဥခ်ဒေါ့**
ပထမ ဥက္ကဋ္ဌ အဖွဲ့ဝင် ဒုတိယ အတိုင်ပင်ခံ

# အပင်စိုက်ရန် အသင့်တော်ဆုံးအချိန်

ရှေး ခေတ် ရောမအယူအရ၊ ဇားနတ် ဆိုသူ မှာ အစပြုခြင်းအားလုံးရဲ့ ဘုရားတစ်ပါး ဖြစ်ပါတယ်။ သူ့ကိုပုံဖေါ်တဲ့နေရာမှာ မျက်နှာနှစ်မျက်နှာရှိပြီး၊ တစ်ဖက်က အတိတ်ကိုကြည့်ကာ၊ အခြားတစ်ဖက်က အနာဂါတ်ကိုရှုမျှော်ထားပါတယ်။ တစ်ချို့သော ဘာသာစကားများမှာ ဇန်နဝါရီလဟာ နှစ်ဟောင်းကို ချင့်ချိန်တွေးတောပြီးနှစ်သစ်အတွက် ပြင်ဆင်တဲ့အချိန်ဖြစ်တဲ့အတွက် ဤဖေးနတ်ကိုတိုင်တည်ပြီးခေါ်ဝေါ်ထားပါတယ်၊

နှစ်ထောင်ပေါင်းများစွာကုန်လွန်လာတဲ့အခါမှာတော့ ကမ္ဘာအနှံ့အပြားမှာရှိတဲ့ လူမျိုးများစွာဟာ ဤထုံးတမ်းစဉ်လာ ကိုအမှီပြုပြီး နှစ်သက်အတွက် ဆုံးဖြတ်ချက်များကို ချကြပါတယ်။ စိတ်ဆုံးဖြတ်ချက်များချခြင်းဟာ အင်မတန် အရေးပါတယ်၊ သို့သော်ဆုံးဖြတ်ချက်များအတိုင်း တကယ်လိုက်လျောက်ခြင်းကတော့ အများအတွက်မလွယ်ကူပါဘူး။

တစ်ချိန်က နှစ်သစ်အတွက် ဆုံးဖြတ်ချက် များစွာချခဲ့ပြီး မိမိရဲ့ တိုးတက်မှုကို ကြည့်ကာ ကျေနပ်အား ရတဲ့သူတစ်ဦးရှိခဲ့ပါတယ်။ "အခု အချိန်ထိတော့ ကိုယ်ကာယအတွက် ပုံမှန်စွမ်း ဆောင်တယ်၊ ဒေါသကိုလည်းထိန်းချုပ်ထားနိုင်တယ်၊ ဝင်ငွေသုံးငွေကိုလည်းကောင်းစွာချင့်ချိန်ထားတယ်၊ ပြီးတော့ အိမ်နီးနာချင်းရဲ့ခွေးနဲ့ပါတ် သက်ပြီးလည်း ပြဿနာတက်တာမရှိခဲ့ဘူး။ ဒါပေမယ့် အခုမှ ဇန်နဝါရီလ ၂ ရက်နေ့ပဲရှိသေးတယ်၊ ပြီးတော့ နာရီနိုးစက်လည်းမြည်နေပြီ အိပ်ရာထချိန်တန်ပြီ။ အခုချထားတဲ့ စိတ်ဆုံးဖြတ်ချက်တွေကိုလိုက်လျောက်ဖို့က နိမိတ်လက္ခဏာ ရမှဖြစ်မယ်" လို့ ထိုသူကဆိုခဲ့ပါတယ်။"

## ပြန်လည်အစပြုခြင်း

ပြန်လည်အစပြုခြင်းနဲ့ပါတ်သက်ပြီး ကြီးမားတဲ့ မျော်လင့်ခြင်းဆိုတာရှိပါတယ်။ ကျွန်တော်တို့အယောက်တိုင်းလည်း အရာရာကို တဖန်အစကပြန်စချင်ခဲ့တဲ့ အချိန်တွေရှိပါတယ်။

ကျွန်တော်ဆိုရင် ကွန်ပျူတာအသစ်ဝယ်တာ တော်တော်သဘောကျပါတယ်။ အသစ်ဝယ်စမှာတော့ ကွန်ပျူတာဟာ မြန်လည်းမြန် သုံးရတာလည်း အင်မတန် အဆင်ပြေပါတယ်။

ဒါပေမယ့် ရက်တွေကြာလာတဲ့အခါမှာ တော့ ကွန်ပျူတာအတွက် ပရိုဂရမ်တွေများစွာထည့်သွင်းတဲ့ အတွက် ကွန်ပျူတာဟာ တဖြည်းဖြည်းနေးလာပါတယ်။ တစ်ခါတစ်ခါမှာ ဆိုရင်ဖြင့် ကွန်ပျူတာဟာ လုံးဝသုံးလို့မရတော့အချိန်ထိဖြစ်လာပါတယ်။ ကွန်ပျူတာရဲ့ အဓိကနေရာဖြစ်တဲ့ သိုလှောင်စက်ဟာ အသေးအဖွဲ့ပရိုဂရမ်များစွာနဲ့ ပြည့်နေတဲ့အတွက် စဖွင့်တဲ့နေရာမှာပင် အခက်အခဲများစွာကြုံရပါတယ်။ အဲဒီလို အချိန်မျိုးမှာ ကွန်ပျူတာတစ်ခုလုံးကို ပြန်လည်ပြုပြင်ခြင်းဖြင့်သာ ပြန်၍ကောင်းအောင်ပြုလုပ်ရတဲ့ အချိန်တွေရှိပါတယ်။

လူသားတွေဟာလည်း အကြောက်တရား၊ သံသယစိတ်၊ ကြီးမားတဲ့ အပြစ်ဝန်ထုပ်တွေနဲ့ မွန်းကြပ် နေတတ်ပါတယ်။ သိလျက်နဲ့သော်လည်းကောင်၊ မသိ၍သော်လည်းကောင်း ပြုမိတဲ့ အမှားတွေကြောင့် လုပ်သင့်လုပ်ထိုက်တာကို သိလျက်နဲ့ မလုပ်နိုင်တဲ့အချိန်တွေ ကျွန်တော်တို့မှာ ရှိတတ်ပါတယ်။

အပြစ်များစွာကျူးလွန်မိတဲ့အခါ ကျွန်တော်တို့ရဲ့ အတွင်းစိတ်မှာ မွန်းကျပ်နေတဲ့ ဝန်ထုပ်တွေကို ရှင်းပေးနိုင်တဲ့ နောင်တရခြင်းဆိုတာရှိပါတယ်။

နိမိတ်လက္ခဏာအပါအဝင် ချစ်ခြင်းမေတ္တာနဲ့ပြည့်ဝတဲ့ ယေရှုခရစ်တော်ရဲ့ ပေးဆပ်တော်မူခြင်း ဧဝံဂေလိသတင်းကောင်း က၊ ကျွန်တော်တို့ရဲ့ဘဝကို အသစ်အဖြစ်ပြုပြင်ကာ၊ သန့်ရှင်းခြင်း နဲ့ ပြည့်စုံပြီး အပြစ်ကင်းတဲ့ ကလေးသူငယ်ကဲ့သို့ဖြစ်လာ နိုင်ရန် နည်းလမ်းပေးသွန်သင်းထားပါတယ်။

သို့သော် တစ်ခါတစ်ရံမှာ အခြားအရာတွေက ကျွန်တော်တို့ရဲ့ အတွေးနဲ့ အပြုအမူကို လွှမ်းမိုးထားတာကြောင့် အသစ်တဖန်ပြန်စဖို့ ခက်ခဲတဲ့အချိန်တွေ ရှိပါတယ်။

## မိမိတို့၏ အကောင်းတကာ့အကောင်းဆုံးကို ထုတ်ဖေါ်ခြင်း

ရည်မှန်းချက်များချခြင်း ဟာ လုပ်သင့်လုပ်ထိုက်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ငါ၏ အမှုနှင့် ဘုန်းအသရေတော်သည် "လူသားအပေါင်းတို့ ထာဝရအသက်ရစေရန်ဖြစ်သည်" (မောရှေကျမ်း ၁း၃၉) လို့ဆိုထားခြင်းကိုကြည့်ခြင်းဖြင့် ကောင်းကင်ဘုံရှင်အဘကိုယ်တိုင်လည်း ရည်မှန်းချက်များစွာ ရှိထားတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ရဲ့ ရည်းမှန်းချက်များအားဖြင့် ကျွန်တော်တို့မှာရှိတဲ့ အကောင်းတကာ့အကောင်းဆုံး အရာတွေကို ထုတ်ဖေါ်နိုင်ပါတယ်။ သို့သော်၊ စိတ်ဆုံးဖြတ်ချက်များကို တကယ်လိုက်လျောက်ရန် ကြိုးစားတဲ့အခါ အနှောင့် အယှက် ဖြစ်စေတတ်တာကတော့၊ ပျင်းရိခြင်းတပါးပါပဲ။ တကယ်ပင်အစပြုဖို့ရန် အနှောင့်အယှက်ဖြစ်စေတာကတော့ အချိန်မတန်သေးဘူးဆိုတဲ့စိတ်ထားပါပဲ၊ ဥပမာအားဖြင့်ဆိုရင်နှစ်သက်ကူးမှပဲလုပ်မယ်၊

နွေရာသီကျမှပဲလုပ်မယ်၊ အသင်းအုပ်ဖြစ်မှ၊ ဂရုဏာ အဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်မှ၊ ကလေးတွေကျောင်းအပ်ပြီးမှ၊ ဒါမှမဟုတ် အငြိမ်းစားယူမှ စသည်ဖြင့် အချိန်ကောင်းကို စောင့်တတ်ကြပါတယ်။

မိမိရဲ့ ချထားတဲ့ရည်မှန်းချက်တွေကို စတင်လိုက်လျောက်ဖို့ သူတစ်ပါး ရဲ့ ဖိတ်ခေါ်ခြင်းကို စောင့်နေစရာမလိုပါဘူး။ ဘုရားသွင်အလိုတော်အတိုင်း ဖြစ်လာဖို့ ကြိုးစားတဲ့နေရာမှာ သူတစ်ပါးရဲ့ ခွင့်ပြုချက်ရစရာ မလိုပါဘူး။ အသင်းတော်မှာ ပါဝင် အစေခံဖို့လည်း သူတစ်ပါးရဲ့ ဖိတ်ခေါ်ခြင်းကို စောင့် နေစရာမလိုပါဘူး။

အရွေးခံဖို့စောင့်ဆိုင်းရင်း နှစ်ပေါင်းများကို အဓိပ္ပါယ်မဲ့ ကုန်လွန်စေ တတ်ပါတယ် (ယုံကြည်ခံယူချက် ၁၂း ၃၄-၃၆)။ အရွေးကောက်ခံဖို့ စောင့်တာဟာ မှားယွင်းတဲ့ခံယူချက်ပါ။ သင့်ကို ဘုရားသခင် ရွေးချယ်ပြီး သားပါ။

ကျွန်တော့်ရဲ့ဘဝမှာလည်း ဖြေရှင်းရမယ့်အရာများစွာ၊ ပူပန်မှုများစွာ၊ နဲ့ ဝမ်းနည်းမှုများစွာ ကြောင့်အိပ် ပျက်ခဲ့ရတဲ့ ညများစွာရှိခဲ့ပါတယ်။ ဒါပေ မယ့် ဘယ်လောက်ပင် ညနက်နေစေကာမူ၊ မနက်တိုင်းမှာ နေထွက်တတ် တာကို ကြည့်ပြီး ခွန်အားယူခဲ့ပါတယ်။

နေ့တိုင်းမှာ နေ့သစ်ကိုဤလောကအတွက်အသာမဟုတ်ပဲ၊ ကျွန်တော် တို့အတွက်ပါ ဘုရားကပေးထားပါတယ်။

## ကျွန်တော်တို့ လဲကျခဲ့သော်

ကျွန်တော်တို့ကို ချည်နှောင်ထားတတ်တာကတော့ ကြောက်ရွံ့ခြင်း ပါပဲ။ မအောင်မြင်မှာကို ကြောက်ရွံ့ခြင်း၊ အရှက်ကွဲမှာကို ကြောက်ခြင်း၊ အောင်မြင်းခြင်းဖြင့် လမ်းမှားမှာကို ကြောက်ခြင်းနဲ့ ကျွန်တော်တို့ချစ်တဲ့ သူတွေ ပြောင်းလဲသွားမှာကို ကြောက်ခြင်း စတဲ့အရာတွေကို ကြုံတွေ့ရ တတ်ပါတယ်။

ဒါနဲ့ပဲ စောင့်ဆိုင်းရင်း အရှုံးပေးတတ်ကြပါတယ်။

ရည်မှန်းချက်ချခြင်းနဲ့ပါတ်သက်ပြီး တစ်ခုအမှတ်ရမိစေလိုတာက တော့…အနည်းဆုံးအနေနဲ့ ရေတိုမှာ ကျွန်တော်တို့လဲကျမိမှာ အမှန်ပါ။ အဲဒီလိုဖြစ်ခဲ့သည့်တိုင်အောင် ကြောက်ရွံ့နေမယ့်အစား၊ လူတွေဟာ မပြည့်စုံတာကို နားလည်ထားခြင်းဖြင့် သတ္တိမွေးနိုင်ပါတယ်။ အစကတည်း က နားလည်ထားသင့်တဲ့အရာကတော့ တစ်ကြိမ်ထက်မက ကျွန်တော်တို့ လဲကျနိုင်ပါတယ်။ ဒီလိုနားလည်ထားခြင်းဖြင့် တကယ်လဲကျမိတဲ့အခါ၊ အံ့သြထိတ်လန့်ခြင်းရှိမှာ မဟုတ်တော့ပါဘူး။

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်များကို ဒီလိုနည်းနဲ့ ချဉ်းကပ်မယ်ဆိုရင် ရှုံးနိမ့်ခြင်းက ကျွန်တော်တို့ ကို ကန့်သတ်နိုင်မှာမဟုတ်တော့ပါဘူး။ ကျွန် တော်တို့ချမှတ်ထားတဲ့ နောက်ဆုံးပန်းတိုင်ကို မရောက်ပဲ လဲကျရှုံးနိမ့်ခဲ့ သည့်တိုင်၊ တိုးတက်မှုတွေများစွာကြုံတွေ့သည်သာမက၊ တနေ့မှာ နောက်ဆုံးပန်းတိုင်းကို အောင်မြင်စွာ ရောက်ရှိနိုင်မှာ ဖြစ်ကြောင်းကို အမြဲသတိရထားစေလိုပါတယ်။

၄င်းအရာကို နားလည်ခြင်းဖြင့် အောင်မြင်မှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မအောင်မြင်သေးပေမယ့်၊ ဆက်လက်လျှောက်လှမ်း ခြင်းအားဖြင့် ယခင်အသက်တာထက် သာ၍ထူးမြတ်တဲ့ အသက်တာကို ရရှိမှာဖြစ်ပါတယ်။

## အစပြုရန် သင့်တော်ဆုံးအချိန်သည် ယခုပင်ဖြစ်သည်

ရှေးအဆိုတစ်ခုဆိုးထားပုံမှာ၊ "သစ်ပင်စိုက်ရန် အသင့်တော်ဆုံးအချိန် သည် နှစ် ၂၀ ကျော်ကဖြစ်သည်။ ဒုတိယ အတင့်တော်ဆုံး အချိန်မှုကား ယခုပင်ဖြစ်သည်။"

ယခုဆိုသော စကားဟာ အင်မတန်ထူးမြတ်အရေးပါလှပါတယ်။

ယခုစိတ်ဆုံးဖြတ်လျှင် ယခုပင်စတင်နိုင်ခြင်းဟာ အင်မတန်စွမ်းထက် တဲ့ အမှန်တရားဖြစ်ပါတယ်။

ယခုပင်လျှင်  နှောင်နှစ် ၂၀ သာမက၊ ထာဝရတိုင်အောင် ကျွ န်တော်တို့ဖြစ်ချင်သည့်အတိုင်းဖြစ်လာရန် စတင်ကြိုးစားသင့်သော အချိန်ဖြစ်ပါတယ်။

---

## ဤသတင်းစကားမှ သင်ကြားရယူချက်

" ခွန်အားကိုရယူ နိုင်ပါတယ်..လက်ရှိအချိန်မှာ မအောင်မြင်သေးပေ မယ့်၊ ဆက်လက်လျှောက်လှမ်းခြင်းအားဖြင့် ယခင်အသက်တာထက် သာ၍ ထူးမြတ်တဲ့ အသက်တာကို ရရှိမှာဖြစ်ပါတယ်" လို့ ဥက္ကဋ္ဌ ဥဒ္ဒေါ့က ရှင်းပြ ထားပါတယ်။ ဘွဲ့ရခြင်း၊ နှင့် ဆုရခြင်းကဲ့သို့ ရလဒ်ကို ကြည့်ခြင်းအားဖြင့် မဟုတ်ပဲ၊ ထိုရလဒ်အတွက်ကြိုးစားခြင်းဖြင့် လေ့လာခဲ့ရတဲ့ သင်ခန်းစာ များကို ဝေငှရန် မိသားစုဝင်များကို မေးပါ။

## လူငယ်ကဏ္ဍ

## ယခုမှစ၍ အကောင်းဆုံးကို ကြိုးစားအားထုတ်လော့

ရည်မှန်းချက်များချခြင်းဖြင့် "မိမိအရည်သွေးကို အမြင့်ဆုံးဖြစ် အောင် စွမ်းဆောင်နိုင် တယ်" လို့ ဥက္ကဋ္ဌ ဥဒ္ဒေါ့က သွန်သင် ထားပါတယ်။ မိမိရဲ့ အသက်တာမှာ ကိုယ်ကာယကျန်းမာခြင်း၊ ဝိညာဉ်ရေးရာကျန်းမာခြင်း၊ နှင့် မိတ်ဖွဲ့ ခြင်းစတဲ့ ရည်မှန်းချက် သုံးမျိုးကို ချထားဖို့ရန် စဉ်းစားသင့်ပါတယ်။ ဤသုံးမျိုးနဲ့ပါတ်သက်ပြီး ဤနှစ်အတွင်း မှာ ဘယ်လိုရလဒ်မျိုးကို လိုချင်ပါသလဲ။ ဆုတောင်းခြင်းဖြင့် ရည်မှန်းချက် များကို ချရာမှာ၊ ဖြစ်မြောက်အောင်မြင်နိုင်ပြီး၊ မိမိရဲ့ ကြိုးစားအားထုတ်မှုကို လိုအပ်တဲ့ ရည်မှန်းချက်မျိုးကိုချထားသင့်ပါတယ်။ တစ်နှစ်တာကုန်ဆုံး သွားတဲ့ အခါ၊ မိမိရဲ့ တိုးတက်မှုကို စီစစ်နိုင်အောင် ကိုယ်ရေးမှတ်တမ်းမှာ ရည်မှန်းချက်များကို အသေးစိတ်ရေးထားပါ။

© 2003 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။
ဘာသာပြန်ခွင့်ပြုချက် 6/13။ *First Presidency Message, January 2014 အား ဘာသာပြန်ဆိုခြင်း၊* Burmese 10861 256

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု

# ယေရှုခရစ်တော်၏သာသနာတော် ပုံဥပမာကောင်း

*ဤ သင်ရိုးညွှန်းတမ်းပါ အရာများကို ဆုတောင်းခြင်းနှင့် အတူလေ့လာပြီး ဝေငှပါ။ ကယ်တင်ရှင်၏ သာသနာ နှင့်သက်တော်စင်ကို နားလည်ခြင်းဖြင့် သူ၌ ယုံကြည်ခြင်းတိုးပွါးပြီး၊ သင်မိသာဟာပြုသော မိသားစုများတွက်မည်သို့ ကောင်းကြီးဖြစ်စေနိုင်မည်နည်း။*

*မိသာဟာရပြု သတင်းစကားကဏ္ဍတွင် ကယ်တင်ရှင်သာသနာကို အဓိကထား ဖေါ်ပြထားပါသည်။*

ယေရှုခရစ်တော်ဟာ ကျွန်တော်တို့ အတွက် အလုံးစုံသောပုံသက်သေ ဖြစ်ကြောင်းကို နားလည်ခြင်းဖြင့် သူ့နောက်လိုက်ရန် သာ၍လွယ်ကူလာမှာ ဖြစ်ပါတယ်။

ခရစ်တော်၏ခြေရာတော်ကိုလိုက်လျှောက်ရန် မြောက်များစွာသော ကျမ်းပိုဒ်များက ကျွန်တော်တို့ ကို တိုက်တွန်းထားပါတယ်။

နီဖိုင်းလူမျိုးများကို ခရစ်တော်က၊ "ငါပြုသောအရာကို မြင်သည့်အတိုင်း သင်တို့ပြုရကြလိမ့်မည်" (၃နီဖိုင်း ၂၇:၂၁) လို့ပြောထားပါတယ်။

တမန်တော် သောမတ်ကို ယေရှုက၊ "ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါထံသို့အမည်မပြုပဲ အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ" (ရှင်ယောဟန် ၁၄:၆)ဟု ဆိုထားပါတယ်။

ကယ်တင်ရှင်ကို ပုံဥပမာထားပြီး လမ်းလျှောက်သွားရန် ကျွန်တော်တို့ရဲ့ ယနေ့ခေါင်းဆောင်များက သွန်သင်ထားပါတယ်။

ဂရုဏာအသင်းရဲ့ အထွေထွေဥက္ကဌဖြစ်သူ လင်းဒါ ကေ ဘာတန် က၊ " ရွေးနုတ်ကယ်တင်တော်မူခြင်း အကြောင်းတရားကို မိမိတို့ရဲ့ နှလုံးသားမှာရေးထိုးထားတဲ့အခါ၊ ကျွန်ုပ်တို့ တစ်တွေဟာ သွင်ဘုရားရဲ့ အလိုကျ အသက်ရှင်တတ်သောသူတွေဖြစ်လာပါတယ်" [၁] လို့ ဆိုထားပါတယ်။

"ကျွန်တော်တို့ရဲ့ ကယ်သောအရှင်သခင်ဟာ ကျွန်တော်တို့ရဲ့ ပုံဥပမာကောင်းဖြစ်ပြီး၊ ကျွန်တော်တို့ ရဲ့ ခွန်အားလည်းဖြစ်တယ်" လို့ ဥက္ကဌ သောမစ် အက်စ် မွန်ဆွန်က ဆိုထားပါတယ်။[၂]

ယေရှုခရစ်တော်ကို ချဉ်းကပ်ရန်၊ သူ၏ ပညတ်ချက်များကို လိုက်လျှောက်နာခံရန်နဲ့ ကောင်းကင်ဘုံရှင် အဘဘုရားထံသို့ ပြန်လည်ရောက်ရှိနိုင်ရန် စိတ်ပိုင်းဖြတ်ပြီး ကြိုးစားအားထုတ်ကြပါစို့။

### *ကျမ်းစာများမှ*

၂နီဖိုင်း ၃၁း ၁၆၊ အယ်မာကျမ်း ၁၇း၁၁၊ ၃နီဖိုင်း ၂၇း၂၇၊ မိုရိုးနိုင်း ၇း၄၈

### *ကျွန်တော်တို့ရဲ့ သမိုင်းများမှ*

ခရစ်တော်၏လောကသာသနာအကြောင်း ရေးသားသူ၊ ဂရုဏာ အသင်း ဒုတိယမြောက် အထွေထွေ ဥက္ကဌ လည်းဖြစ်သူ အီလိုင်ဇာစနိုး က "လမ်းခရီးကို သူပဲ့ပြင်၍ ဦးဆောင်တော်မူသည်" ဟုဆိုခဲ့ပါတယ်။[၃] တစ်ဦးချင်းအပေါ် သူ အစေခံခဲ့ပါတယ်။ ရှိသောကိုးဆယ့်ကိုးယောက်ကို ချန်ထား၍ ပျောက်သိုးတစ်ယောက်ကို ရှာရန် သူသွန်သင်ခဲ့သည် (ရှင်လုကာ ၁၅း၃-၇ ကို ကြည့်ပါ)။ အယောက်တိုင်းကိုကျန်းမာခြင်းပေးပြီး၊ လူပေါင်း ၂၅၀၀ရှိသူအားလုံးကို တစ်ဦးချင်း သွန်သင်ခဲ့သည် ( ၃နီဖိုင်း ၁၁း၁၃-၁၅၊ ၁၇း၂၅ ကို ကြည့်ပါ)။

ပထမ ဥက္ကဌ အဖွဲ့တွင် ဒုတိယ အတိုင်ပင်ခံဖြစ်သော ဥက္ကဌကြီး ဒီတာ အက်ဖ် ဥခ္ဒေါ့မှ၊ နောက်ပိုင်းကာလ သူတော်စင်အမျိုးသမီးများအား " အသင်းတော်ရှိ ထူးမြတ်သောညီအမများ၊ သင့်တို့သည်အခြားသူများအတွက် ကိုယ်ကျိုးစွန့်၍ အစေခံခဲ့ပေပြီ။ ထိုသို့ပြုခြင်းအားဖြင့် ကယ်တင်ရှင်၏ အလိုတိုင်း ကျင့်ကြပေပြီ... ကယ်တင်ရှင်၏ စိတ်နှလုံးမှုကား အခြားသူများကို အမြဲကူညီရန် အစဉ်တွေးတောလျှက်ရှိသည်" လို့ဆိုခဲ့ပါတယ်။[၄]

### မှတ်ချက်များ

၁။ လင်းဒါ ကေ ဘာတန်၊ "ယေရှုခရစ်တော်၏ ပေးဆပ်ခြင်းနှင့် စပ်ဆိုင်သော ယုံကြည်ခြင်း ကျွန်ုပ်တို့ နှလုံးသားများတွင် ရေးသားထားသလော" *အောင်လံ သို့မဟုတ် လိုင်ယာဟောဏား*၊ နိုဝင်ဘာလ ၂၀၁၂၊ စာမျက်နှာ ၁၁၄။

၂။ သောမစ် အက်စ် မွန်ဆွန်၊ " ဘဝရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ခြင်း" *အောင်လံ*၊ နိုဝင်ဘာလ ၁၉၉၃၊ စာမျက်နှာ ၇၁။

၃။ "မြတ်လှ ညဏ်တော် နှင့် မေတ္တာတော်" *ဓမ္မသီချင်း*၊ နံပါတ် ၁၉၅။

၄။ ဒီတာ အက်ဖ် ဥခ္ဒေါ့ "သင့်ရဲ့အမွေ၊ ပျော်ရွှင်ခြင်း၊" *အောင်လံ သို့မဟုတ် လိုင်ယာဟောဏား*၊ နိုဝင်ဘာလ ၂၀၀၈၊ စာမျက်နှာ ၁၂၀။

*ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။*

၁။ မည်သို့ မည်ပုံ ယေရှုခရစ်တော်သည် ပုံသက်သေကောင်းဖြစ်သနည်း

၂။ ကျွန်မ မိသဟာရပြုသော ညီအမများ၏ အစေခံခြင်းဖြင့် ကယ်တင်ရှင်နောက်တော်သို့ အဘယ်သို့ လိုက်နိုင်သနည်း။

© 2013 Intellectual Reserve, Inc. အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။ ဘာသာပြန်ခွင့်ပြုချက် 6/13။ Visiting Teaching Message, January 2014 အားဘာသာပြန်ဆိုခြင်း၊ Burmese 10861 256